မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS AND YOUTH CONGRESS OF BURMA
Email - sycbcongress@gmail.com, Website - www.sycbyouth.org

## (၆၉)နှစ်မြောက် ဖိုမီးအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သော
## မြန်မာနိုင်ငံကျောင်းသားလူငယ်များ ကွန်ဂရက်၏ သဝဏ်လွှာ

စာအမှတ်-မကလက/ထ-၁/၁၂

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့သည် ဖိုမီးတမျိုးသားလုံး၏ မင်္ဂလာရှိသော (၆၉)နှစ်မြောက် ဖိုမီးအမျိုးသားနေ့ပင် ဖြစ်ပါသည်။ ဤသမိုင်းဝင် နေ့ထူးနေ့မြတ် အခါသမယ၌ ပြည်တွင်းပြည်ပ နေရာဒေသ အသီးသီးတွင် ကျင်းပသော အခမ်းအနားသို့ တက်ရောက်ချီးမြင့်ဂုဏ်ပြုကြသည့် ဖိုမီးအမျိုးသား ခေါင်းဆောင်ကြီးများ၊ လူငယ်ကျောင်းသားအဖွဲ့အစည်းများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းအသီးသီးနှင့်အတူ ဖိုမီးပြည်သူလူထုတရပ်လုံးအား မိမိတို့မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်မှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း လေးနက်စွာဖြင့် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

နောက်ခံ အကြောင်းအရင်းများစွာဖြင့် ယခုကဲ့သို့ သမိုင်းတွင်ရစ်ခဲ့ရသောနေ့ရက်ကို ဖိုမီးအမျိုးသားခေါင်းဆောင်ကြီးများ၏ အမျှော်အမြင်ကြီးမားမှုကြောင့် တမျိုးသားလုံးနှင့်သက်ဆိုင်သည့် လက်ဆင့်ကမ်းအမွေဖြစ်သော စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ နယ်မြေဒေသများ အစရှိသည့် အမျိုးသားရေး လက္ခဏာများကို ဆက်လက်ဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ဤ အမျိုးသားနေ့အား နေရာဒေသ အသီးသီးတွင် ဂုဏ်ပြုအခမ်းအနားများ ကျင်းပခြင်းအပေါ် မိမိတို့ ကွန်ဂရက်မှလည်း လွန်စွာ ဂမ်းမြောက်ဂုဏ်ယူမိပါသည်။

ယခု အချိန်ကာလတွင် တစုံတရာ ပွင့်လင်းမြင်သာမှုရှိလာပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေပြီဆိုသော်လည်း ဖိုမီးအမျိုးသားခေါင်းဆောင်ကြီးများ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး စသည့် အခွင့်အရေးမှန်သမျှကို ငြင်းပယ်ခံထား နေရဆဲဖြစ်ပါသည်။ ထို့အတူ စစ်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒကိုအခြေခံသည့် ခေတ်အဆက်ဆက် အစိုးရများ၏ အာဏာတည်မြဲရေးအတွက် အဓိကထားရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ဆန့်ကျင်တိုက်ပွဲဝင်ရေးသည် တိုင်းရင်းသားလူမျိုးတိုင်း၏ ပဓာနကျသော အမျိုးသားရေး တာဝန်တရပ်ဖြစ်ပေသည်။

ထို့ကြောင့် ယခုအစိုးရ လက်ထက်တိုင်အောင်သည်အထိ ဖိနှိပ်အုပ်ချုပ်ခြယ်လှယ်မှုအမျိုးမျိုးအောက်မှ မလွတ်မြောက်နိုင်သေးသည်ကို အစဉ်သတိရပြီး ဤ (၆၉)နှစ်မြောက် အမျိုးသားနေ့မှသည် တမျိုးသားလုံး ပါဝင်လာခြင်းအားဖြင့် တွဲလက်ညီညာစွာ လျှောက်လှမ်းနိုင်ကြပါစေဟုဆန္ဒပြုရင်း ဤဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပေးပို့ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်(SYCB)

နေ့စွဲ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ၊ ၂၀ ရက်။